**ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ**
**သတ္တုတွင်းဝန်ကြီးဌာန**
**အမိန့်ကြော်ငြာစာအမှတ် ၄၀/၉၈**

ရန်ကုန်မြို့၊၁၃၆၀ပြည့်နှစ်၊နတ်တော်လဆန်း ၁ ရက်
(၁၉၉၈ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သတ္တုတွင်းဝန်ကြီးဌာနသည် ဆားလုပ်ငန်းဥပဒေပုဒ်မ ၂၈၊ပုဒ်မခွဲ(က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

**<u>အခန်း(၁)</u>**
**<u>အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်</u>**

၁။ ဤနည်းဥပဒေများကို ဆားလုပ်ငန်းဥပဒေဆိုင်ရာ နည်းဥပဒေများဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင် ပါရှိသော စကားရပ်များသည် ဆားလုပ်ငန်းဥပဒေတွင်ပါရှိသည့်အတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်။

(က) ဥပဒေဆိုသည်မှာ ဆားလုပ်ငန်းဥပဒေကို ဆိုသည်။
(ခ) လုပ်ငန်း ဆိုသည်မှာ ဆား၊ အိုင်အိုဒင်းဆား သို့မဟုတ် အပိုဓာတ်ဆားကို စီးပွားရေးအလို့ငှာထုတ် လုပ်သည့်လုပ်ငန်းကို ဆိုသည်။
(ဂ) လိုင်စင်ရရှိသူ ဆိုသည်မှာ ဆား၊ အိုဒင်းဆား သို့မဟုတ် အပိုဓာတ်ဆားကို စီးပွားရေးလုပ်ငန်း အလို့ငှာ ထုတ်လုပ်ခွင့်ပြုကြောင်း မြန်မာဆားလုပ်ငန်းက ထုတ်ပေးသည့် ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။
(ဃ) ဆားထုတ်မြေ ဆိုသည်မှာ ဆားသို့မဟုတ် အပိုဓာတ်ဆားထုတ်လုပ်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာန ၏ခွင့်ပြုချက်ဖြင့် သတ္တုတွင်းဝန်ကြီးဌာနက သတ်မှတ်သည့် မြေကိုဆိုသည်။
(င) ပုံစံဆိုသည်မှာ ဤနည်းဥပဒေများနှင့်အတူ ပူးတွဲပါရှိသည့် ပုံစံကိုဆိုသည်။ ယင်းစကားရပ်တွင် မြန်မာ့ဆားလုပ်ငန်းကအခါအားလျော်စွာ သတ်မှတ်သည့် ပုံစံများလည်း ပါဝင်သည်။

**<u>အခန်း(၂)</u>**
**<u>ဆားထုတ်လုပ်မှုစီမံချက်</u>**

၃။ မြန်မာ့ဆားလုပ်ငန်းသည် ပြည်တွင်းစက်မှုလက်မှုလုပ်ငန်းများတွင် လုံလောက်စွာ အသုံးပြုနိုင်ရေးနှင့် ပြည်သူတစ်ရပ်လုံး စားသုံးမှုဖူလုံရေးတို့အတွက် ဆားထုတ်လုပ်မှုစီမံချက် ရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

မြန်မာ့ဆားလုပ်ငန်းသည် ဆားထုတ်လုပ်မှုစီမံချက်ကို အောက်ပါဦးတည်ချက်များအပေါ် အခြေခံ၍ ရေးဆွဲရမည်-

(က) ဆားထုတ်လုပ်သည့်မြို့နယ်အလိုက် ဆားထုတ်လုပ်နိုင်သည့် ပမာဏ အပြည့်အဝထုတ်လုပ်ရန်
(ခ) နိုင်ငံတော်ပိုင်းနှင့် ပုဂ္ဂလိကပိုင်းမှ ဆားထုတ်လုပ်သည့် ဧကကို နှစ်စဉ် တိုးမြှင့်ရန်၊
(ဂ) ဆားအထွက်နှုန်း တိုးတက်ကောင်းမွန်စေရန်၊
(ဃ) ဆားထုတ်လုပ်မှု တိုးတက်ရေးနှင့် အရည်အသွေးကောင်းမွန်ရေးတို့အတွက် နည်းပညာရပ်များ နှင့် အခြားအထောက်အကူများ ပံ့ပိုးကူညီရန်၊

(င) ဆားထုတ်လုပ်မြေဇကနှင့် ဆားထွက်ပမာဏကို တိကျစွာသိရှိနိုင်ရန်၊

(စ) ပြည်တွင်းစားသုံးမှုအတွက် လိုအပ်သောဆားကို ဈေးနှုန်းသက်သာစွာနှင့် လုံလောက်စွာ ဖြန့်ဖြူး ပေးနိုင်ရန်၊

(ဆ) ပိုလျှံသော ဆားများကို ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရန်။

၅။ မြန်မာ့ဆားလုပ်ငန်းသည် အပိုဓာတ်ဆားထုတ်လုပ်ရေးနှင့် အိုင်အိုဒင်းဆားထုတ်လုပ်ရေးတို့အတွက် စီမံ ချက်ရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

## အခန်း(၃)
## ဆား၊ အိုင်အိုဒင်းဆားနှင့် အပိုဓာတ်ဆားထုတ်လုပ်ခွင့်လိုင်စင်

၆။ ဆား၊ အိုင်အိုဒင်းဆား သို့မဟုတ် အပိုဓာတ်ဆား ထုတ်လုပ်ခွင့်လိုင်စင်လျှောက်ထားသူသည်-

(က) လုပ်ငန်းလုပ်ကိုင်မည့်နေရာသည် ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(ဂ)အရ သတ်မှတ်ထားသည့် ဆားနယ်မြေ အတွင်းရှိရမည်။ ဆားနယ်မြေအတွင်း မဟုတ်ပါက ဆား၊ အိုင်အိုဒင်းဆား သို့မဟုတ် အပိုဓာတ်ဆား ထုတ်လုပ်ရန် အတွက် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်း၏ ခွင့်ပြုချက်ရရှိပြီး ဖြစ်ရမည်။

(ခ) လုပ်ငန်းလုပ်ကိုင်မည့်နေရာအတွက် သက်ဆိုင်ရာကျေးတိုင်နှင့်မြေစာရင်းဦးစီးဌာနက ထုတ်ပေး သည့် မြေပုံကို တင်ပြနိုင်ရမည်။

(ဂ) လုပ်ငန်းလုပ်ကိုင်မည့်နေရာကို ပိုင်ဆိုင်ကြောင်း သို့မဟုတ် ယင်းနေရာတွင် လုပ်ငန်းလုပ်ကိုင်ခွင့် ရှိကြောင်း အထောက်အထား စာရွက်စာတမ်း တင်ပြနိုင်ရမည်။

(ဃ) ဆား၊ အိုင်အိုဒင်းဆား သို့မဟုတ် အပိုဓာတ်ဆားထုတ်လုပ်မည့် နည်းစနစ်ကို ဖော်ပြရမည်။

(င) ထွက်ရှိလာမည့် ဆား၊ အိုင်အိုဒင်းဆား သို့မဟုတ် အပိုဓာတ်ဆားကို သိုလှောင်ထားရှိနိုင်မည့် အဆောက်အအုံရှိရမည်။

(စ) လုပ်ငန်းအတွက် လိုအပ်သော လုပ်သားအင်အားရှိရမည်။

(ဆ) လုပ်ငန်းအတွက် လိုအပ်သောစက်နှင့် စက်ပစ္စည်းများ လုံလောက်စွာရှိရမည်။

၇။ လုပ်ငန်းလုပ်ကိုင်သူသည် ဌာန၊ အဖွဲ့အစည်းဖြစ်လျှင် ယင်းဌာန၊ အဖွဲ့အစည်း၏တာဝန်ခံပုဂ္ဂိုလ်၏ အမည် ဖြင့်လည်းကောင်း၊ ပုဂ္ဂလိကဖြစ်လျှင် ယင်း၏အမည်ဖြင့်လည်းကောင်း လိုင်စင်ကိုလျှောက်ထားရမည်။

၈။ လိုင်စင်လျှောက်ထားသူသည် အောက်ပါလိုင်စင်အမျိုးအစားအလိုက် ယှဥ်တွဲဖော်ပြထားသာပုံစံဖြင့် လျှောက်ထားရမည်-

| | | |
|---|---|---|
| (က) | ဆားထုတ်လုပ်ခွင့်လိုင်စင် | ပုံစံ(၁) |
| (ခ) | အိုင်အိုဒင်းဆားထုတ်လုပ်ခွင့်လိုင်စင် | ပုံစံ(၂) |
| (ဂ) | အပိုဓာတ်ဆားထုတ်လုပ်ခွင့်လိုင်စင် | ပုံစံ(၃) |

၉။ လိုင်စင်လျှောက်ထားသူသည် ဆားထုတ်မြေသစ်တွင် လုပ်ကိုင်လိုပါက နှစ်ရှည်လိုင်စင်ကို ပထမအကြိမ် အတွက် လျှောက်ထားခွင့်ရှိသည်။

၁၀။ လိုင်စင်လျှောက်ထားသူသည် သက်ဆိုင်ရာလျှောက်လွှာပုံစံတွင် ပါရှိသော အချက်အလက်များ ပြည့်စုံစွာ ဖော်ပြပြီး သက်ဆိုင်ရာမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ သဘောထားမှတ်ချက်ဖြင့် သက်ဆိုင်ရာ မြန်မာ့ဆားလုပ်ငန်း၏ ပြည်နယ် သို့မဟုတ် တိုင်းအရာရှိမှ တစ်ဆင့် ဦးဆောင်ညွှန်ကြားရေးမှူးထံ လျှောက်ထားရမည်။

၁၁။ ဦးဆောင်ညွှန်ကြားရေးမှူးသည် လိုင်စင်လျှောက်လွှာကို လက်ခံရရှိလျှင် လျှောက်လွှာပါအကြောင်းအရာ၊ အချက်အလက်များ မှန်ကန်ခြင်းရှိမရှိ၊ သက်မှတ်ချက်များနှင့် ညီညွတ်ခြင်းရှိမရှိ စစ်ဆေးတင်ပြရန် သက်ဆိုင်ရာ စစ်ဆေးသူအား တာဝန်ပေးအပ်နိုင်သည်။

၁၂။ သက်ဆိုင်ရာစစ်ဆေးသူသည် လိုင်စင်လျှောက်လွှာပါ အကြောင်းအရာ၊ အချက်အလက်များ မှန်ကန်ခြင်း ရှိမရှိ၊ သက်မှတ်ချက်များနှင့် ညီညွတ်ခြင်းရှိမရှိ ကွင်းဆင်းစစ်ဆေးပြီး မိမိ၏စစ်ဆေးတွေ့ရှိချက်ကို သဘောထား မှတ်ချက်ဖြင့် ဦးဆောင်ညွှန်ကြားရေးမှူးထံ ပြန်လည်တင်ပြရမည်။

၁၃။ ဦးဆောင်ညွှန်ကြားရေးမှူးသည် လိုင်စင်လျှောက်ထားခြင်းနှင့်စပ်လျဥ်း၍ သတ်မှတ်ချက်များနှင့်ညီညွတ်ကြောင်း စိစစ်တွေ့ရှိရပါက လိုင်စင်ထုတ်ပေးရန် အမိန့်ချမှတ်နိုင်သည်။

၁၄။ ဦးဆောင်ညွှန်ကြားရေးမှူးသည် သက်ဆိုင်ရာ လိုင်စင်ကို အောက်ပါလိုင်စင်အမျိုးအစားအလိုက် ယှဥ်တွဲဖော်ပြထားသော ပုံစံဖြင့် လိုင်စင်စည်းကမ်းချက်များ ပူးတွဲလျက် ထုတ်ပေးရမည်-

| | | |
|---|---|---|
| (က) | ဆားထုတ်လုပ်ခွင့်လိုင်စင် | ပုံစံ(၄) |
| (ခ) | အိုင်အိုဒင်းဆားထုတ်လုပ်ခွင့်လိုင်စင် | ပုံစံ(၅) |
| (ဂ) | အပိုဓာတ်ဆားထုတ်လုပ်ခွင့်လိုင်စင် | ပုံစံ(၆) |

၁၅။ ဆား၊ အိုင်အိုဒင်းဆား သို့မဟုတ် အပိုဓာတ်ဆားထုတ်လုပ်ခွင့်လိုင်စင် သက်တမ်းသည် တစ်နှစ်ဖြစ်သည်။

၁၆။ ဦးဆောင်ညွှန်ကြားရေးမှူးသည် ဆား၊ အိုင်အိုဒင်းဆား သို့မဟုတ် အပိုဓာတ်ဆားထုတ်လုပ်ရန်အတွက် နှစ်ရှည်လိုင်စင်လျှောက်ထားလာသည့်ကိစ္စကို ဝန်ကြီး၏ သဘောတူညီချက်ဖြင့် ထုတ်ပေးနိုင်သည်။

၁၇။ လိုင်စင်ရရှိသူသည် လိုင်စင်သက်တမ်းကုန်ဆုံးပြီးနောက် လုပ်ငန်းကိုဆက်လက်လုပ်ကိုင်လိုလျှင် လိုင်စင်သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၆၀ ထက်မနည်း ကြိုတင်၍ လိုင်စင်အသစ်လဲလှယ်ပေးရန် လျှောက်ထားရမည်။

၁၈။ ဦးဆောင်ညွှန်ကြားရေးမှူးသည် လိုင်စင်ရရှိသူက လိုင်စင်အသစ်လဲလှယ်ရန် လျှောက်ထားလာသည့် ကိစ္စတွင် အငြင်းပွားမှုပေါ်ပေါက်လျှင် အောက်ပါလုပ်ပိုင်ခွင့်များရှိသည်-

(က) ဆားထုတ်လုပ်မှုကျဆင်းခြင်း မရှိစေရေးအတွက် လက်ရှိလုပ်ကိုင်နေသူကို ကာလသတ်မှတ်၍ ယာယီလုပ်ကိုင်ခွင့်ပြုနိုင်သည်။

(ခ) လုပ်ငန်းလုပ်ကိုင်ခွင့်ရှိကြောင်း တရားဝင်အထောက်အထားတင်ပြလာပါက ထိုသူ၏အမည်၏ လိုင်စင်လဲလှယ် ထုတ်ပေးနိုင်သည်။

(ဂ) အခြားသူအား လုပ်ငန်းလုပ်ကိုင်ခွင့်ကို လွှဲပြောင်းပေးရန်ဖြစ်ပါက ယာယီလုပ်ကိုင်ခွင့်ပြုထားသူကို လုပ်ငန်းတစ်ရာသီကုန်ဆုံးသည်အထိ လုပ်ကိုင်ခွင့်ပြုရမည်။

## အခန်း(၄)
## ဆားကြိတ်ခွဲသန့်စင်ထုတ်လုပ်ခွင့်လိုင်စင်

၁၉။ ဆားကြိတ်စက်ခွဲသန့်စင်ထုတ်လုပ်ခွင့် လိုင်စင်လျှောက်ထားလိုသူသည်-

(က) ဆားကြိတ်ခွဲသန့်စင်ထုတ်လုပ်သည့် လုပ်ငန်းနှင့်စပ်လျဉ်း၍ လိုအပ်သော အထောက်အထားစာရွက်စာတမ်းများ ပြည့်စုံစွာတင်ပြနိုင်ရမည်။

(ခ) ဆားကြိတ်ခွဲသန့်စင် ထုတ်လုပ်သည့် လုပ်ငန်းအတွက် လိုအပ်သည့် ကြိတ်စက်၊ ဗဟိုခွာစက်နှင့် လုပ်ငန်းသုံး အခြားစက်များ ရှိပြီးဖြစ်ရမည်။

(ဂ) လိုအပ်သော ဆားရည်သန့်စင်ကန် အရေအတွက် ရှိရမည်။

(ဃ) ကြိတ်ခွဲသန့်စင်သည့် ဆားကို သိုလှောင်ထားရှိနိုင်မည့် အဆောက်အအုံ ရှိရမည်။

(င) လုပ်ငန်းအတွက် လိုအပ်သော လုပ်သားအင်အား ရှိရမည်။

၂၀။ လုပ်ငန်းလုပ်ကိုင်လိုသူသည် ဌာန၊ အဖွဲ့အစည်းဖြစ်လျှင် ယင်းဌာနအဖွဲ့အစည်း၏ တာဝန်ခံပုဂ္ဂိုလ်အမည်ဖြင့်လည်းကောင်း၊ ပုဂ္ဂလိကဖြစ်လျှင် ယင်း၏အမည်ဖြင့်လည်းကောင်း လိုင်စင်ကို လျှောက်ထားရမည်။

၂၁။ လိုင်စင်လျှောက်ထားသူသည် လျှောက်လွှာပုံစံ(၇)တွင်ပါရှိသော အချက်အလက်များပြည့်စုံစွာ ဖော်ပြပြီး သက်ဆိုင်ရာ မြန်မာ့ဆားလုပ်ငန်း၏ ပြည်နယ် သို့မဟုတ် တိုင်းအရာရှိမှတစ်ဆင့် ဦးဆောင်ညွှန်ကြားရေးမှူးထံ ပေးပို့လျှောက်ထားရမည်။

၂၂။ ဦးဆောင်ညွှန်ကြားရေးမှူးသည် လျှောက်လွှာပုံစံ(၇)ကို လက်ခံရရှိလျှင် လျှောက်လွှာပါ အကြောင်းအရာ၊ အချက်အလက်များ မှန်ကန်ခြင်းရှိမရှိ၊ သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်းရှိမရှိ စစ်ဆေးတင်ပြရန် သက်ဆိုင်ရာ စစ်ဆေးသူအား တာဝန်ပေးအပ်နိုင်သည်။

၂၃။ သက်ဆိုင်ရာစစ်ဆေးသူသည် လိုင်စင်လျှောက်လွှာပါ အကြောင်းအရာ၊ အချက်အလက်များ မှန်ကန်ခြင်းရှိမရှိ၊ သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်းရှိမရှိ ကွင်းဆင်းစစ်ဆေးပြီး မိမိ၏စစ်ဆေးတွေ့ရှိချက်ကို သဘောထားမှတ်ချက်ဖြင့် ဦးဆောင်ညွှန်ကြားရေးမှူးထံ ပြန်လည်တင်ပြရမည်။

၂၄။ ဦးဆောင်ညွှန်ကြားရေးမှူးသည် လိုင်စင်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်ညီညွတ်ကြောင်း စိစစ်တွေ့ရှိပါက ဆားကြိတ်ခွဲသန့်စင်ထုတ်လုပ်ခွင့်လိုင်စင် ထုတ်ပေးရန် အမိန့်ချမှတ်ပြီး ယင်းလိုင်စင်ကို ပုံစံ(ဂ)ဖြင့် လိုင်စင်စည်းကမ်းချက်များ ပူးတွဲလျက် ထုတ်ပေးရမည်။

၂၅။ ဆားကြိတ်ခွဲသန့်စင်ထုတ်လုပ်ခွင့် လိုင်စင်သက်တမ်းသည် တစ်နှစ်ဖြစ်သည်။

၂၆။ ဦးဆောင်ညွှန်ကြားရေးမှူးသည် ဆားကြိတ်ခွဲသန့်စင်ထုတ်လုပ်သည့် လုပ်ငန်းအတွက် နှစ်ရှည်လိုင်စင်လျှောက်ထားသည့်ကိစ္စကို ဝန်ကြီး၏သဘောတူညီချက်ဖြင့် ထုတ်ပေးနိုင်သည်။

၂၇။ လိုင်စင်ရရှိသူသည် လိုင်စင်သက်တမ်းကုန်ဆုံးပြီးနောက် လုပ်ငန်းကိုဆက်လက်လုပ်ကိုင်လိုလျှင် လိုင်စင်သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၆၀ ထက်မနည်း ကြိုတင်၍ လိုင်စင်အသစ်လဲလှယ်ပေးရန် လျှောက်ထားရမည်။

၂၈။ ဦးဆောင်ညွှန်ကြားရေးမှူးသည် လိုင်စင်ရရှိသူက လိုင်စင်အသစ်လဲလှယ်ပေးရန် လျှောက်ထားလာသည့် ကိစ္စ တွင် အငြင်းပွားမှုပေါ်ပေါက်လျှင် အောက်ပါလုပ်ပိုင်ခွင့်များရှိသည်-

(က) ဆားထုတ်လုပ်မှုကျဆင်းခြင်း မရှိစေရေးအတွက် လက်ရှိလုပ်ကိုင်နေသူကို ကာလသတ်မှတ်၍ ယာယီလုပ်ကိုင်ခွင့်ပြုနိုင်သည်။

(ခ) လုပ်ငန်းလုပ်ကိုင်ခွင့်ရှိကြောင်း တရားဝင်အထောက်အထားတင်ပြလာပါက ထိုသူ၏အမည်ဖြင့် လိုင်စင်အသစ်လဲလှယ် ထုတ်ပေးနိုင်သည်။

(ဂ) လုပ်ငန်းလုပ်ကိုင်ခွင့်ကို အခြားသူအား လွှဲပြောင်းပေးရန်ဖြစ်ပါက ယာယီလုပ်ကိုင်ခွင့်ပြုထားသူကို ယာယီလုပ်ကိုင်ခွင့်ကာလ ကုန်ဆုံးသည်အထိ လုပ်ကိုင်ခွင့်ပြုရမည်။

## အခန်း(၅)
## လိုင်စင်ရရှိသူ၏ တာဝန်နှင့် အခွင့်အရေးများ

၂၉။ လိုင်စင်ရရှိသူသည်-

(က) မြန်မာ့ဆားလုပ်ငန်းက သတ်မှတ်သည့်လိုင်စင်ခ၊ လိုင်စင်အသစ် လဲလှယ်ကြေးနှင့် ရက်လွန်ကြေး တို့ကို သတ်မှတ်ထားသော နှုန်းထားအတိုင်း ပေးဆောင်ရမည်။

(ခ) လိုင်စင်ပါစည်းကမ်းချက်များကို လိုက်နာရမည့်အပြင် မြန်မာ့ဆားလုပ်ငန်းက အခါအားလျော်စွာ ထုတ်ပြန်သည့်အမိန့်နှင့် ညွှန်ကြားချက်များကိုလည်း လိုက်နာရမည်။

(ဂ) မြန်မာ့ဆားလုပ်ငန်းက အခါအားလျော်စွာ ထုတ်ပြန်သည့် ညွှန်ကြားချက်များနှင့်အညီ ထုတ်လုပ်မှု ဆိုင်ရာ စာရင်းဇယားများကို ထားရှိရမည်။

(ဃ) လိုင်စင်သက်တမ်း မကုန်ဆုံးမီ အကြောင်းအမျိုးမျိုးကြောင့် လုပ်ငန်းရပ်စဲလိုလျှင် လုပ်ငန်း မရပ်စဲမီ တစ်လကြိုတင်၍ မြန်မာ့ဆားလုပ်ငန်းသို့ အကြောင်းကြားရမည်။

(င) စစ်ဆေးသူက မိမိလုပ်ငန်းကို လာရောက်စစ်ဆေးလျှင် စစ်ဆေးခြင်းကို ခံယူရမည်။

(စ) မြန်မာ့ဆားလုပ်ငန်းနှင့် သက်ဆိုင်သော စစ်ဆေးသူက တောင်ခံသော စာရင်းဇယားများကို ပေးအပ်ရမည်။

(ဆ) မိမိလုပ်ငန်းကို ကိုယ်တိုင်မလုပ်ကိုင်ဘဲ ကိုယ်စားလှယ်ဖြင့် လုပ်ကိုင်လိုပါက ဦးဆောင်ညွှန်ကြား ရေးမှူး၏ ခွင့်ပြုမိန့် တောင်းခံရမည်။

(ဇ) မြန်မာ့ဆားလုပ်ငန်း၏ ထောက်ခံချက်ဖြင့် ပြည်တွင်းချေးငွေများနှင့် အထောက်အပံ့ အကူအညီ များ ရယူနိုင်သည်။

(ဈ) ဆား၊ အိုင်အိုဒင်းဆား သို့မဟုတ် အပိုဓာတ်ဆားများ အရည်အသွေး အဆင့်မီစွာ ထုတ်လုပ်နိုင်ရေး နှင့် အထွက်နှုန်း တိုးတက်ကောင်းမွန်စေမည့် နည်းလမ်းများ ရရှိရေးအတွက် မြန်မာ့ဆားလုပ်ငန်း မှ နည်းပညာ ရယူနိုင်ခွင့်ရှိသည်။

(ည) မိမိထုတ်လုပ်သော ဆား၊ အိုင်အိုဒင်းဆား သို့မဟုတ် အပိုဓာတ်ဆားများကို ပြည်တွင်း၌ လွတ်လပ် စွာ ရောင်းချနိုင်ခွင့်ရှိသည်။

(ဋ) မိမိထုတ်လုပ်သော ဆား၊ အိုင်အိုဒင်းဆား သို့မဟုတ် အပိုဓာတ်ဆားများကို မြန်မာ့ဆားလုပ်ငန်းက သတ်မှတ်သည့် အရည်အသွေးနှင့် ညီညွတ်ပါက သတ်မှတ်ချက်များနှင့်အညီ ပြည်ပသို့ တင်ပို့ ရောင်းချနိုင်ခွင့်ရှိသည်။

## အခန်း(၆)
## လိုင်စင်ခ၊ လိုင်စင်အသစ်လဲလှယ်ကြေး၊ ရက်လွန်ကြေးများ
## သတ်မှတ်ခြင်း

၃၀။ ဦးဆောင်ညွှန်ကြားရေးမှူးသည် လိုင်စင်ခကို သတ်မှတ်ကောက်ခံနိုင်သည်

၃၁။ ဦးဆောင်ညွှန်ကြားရေးမှူးသည် ကောက်ခံရမည့် လိုင်စင်ခကို လုပ်ငန်းတည်ရှိရာ နေရာဒေသ အလိုက် ခွဲခြားသတ်မှတ်ခြင်း၊ အခါအားလျော်စွာ ပြင်ဆင်သတ်မှတ်ခြင်း ပြုနိုင်သည်။

၃၂။ ဦးဆောင်ညွှန်ကြားရေးမှူးသည် မူလသတ်မှတ်သည့် လိုင်စင်ခများနှင့် စပ်လျဉ်း၍ အောက်ပါအကြောင်း အချက်များ ပေါ်ပေါက်ပါက ထုတ်လုပ်မှု တိုးတက်ရေးကို အထောက်အကူဖြစ်စေရန်လည်းကောင်း၊ လိုင်စင်ရရှိသူ များ နစ်နာမှုမရှိစေရန်လည်းကောင်း၊ လိုင်စင်ခများကို လျော့ပေါ့၍ ပြင်ဆင်သတ်မှတ်နိုင်သည်-

(က) ဆား၊ အိုင်အိုဒင်းဆား သို့မဟုတ် အပိုဓာတ်ဆားကို လျာထားသတ်မှတ်ချက်ထက် ကျော်လွန်ထုတ် လုပ်နိုင်ခြင်း၊

(ခ) ဆား၊ အိုင်အိုဒင်းဆား သို့မဟုတ် အပိုဓာတ်ဆား ထုတ်လုပ်သည့် နေရာသည် ပင်လယ်နှင့် ဝေးကွာ သည့်ဒေသဖြစ်ခြင်း၊

(ဂ) ဆား၊ အိုင်အိုဒင်းဆား သို့မဟုတ် အပိုဓာတ်ဆား ထုတ်လုပ်ရာတွင် သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးနစ်နာမှုများ အမှန်တကယ်ပေါ်ပေါက်ခြင်း။

၃၃။ ဦးဆောင်ညွှန်ကြားရေးမှူးသည် အောက်ပါတို့ကို အခါအားလျော်စွာ ပြင်ဆင်သတ်မှတ်နိုင်သည်-

(က) လိုင်စင်အသစ်လဲလှယ်ကြေး၊

(ခ) ရက်လွန်ကြေး။

## အခန်း(၇)
## စစ်ဆေးသူ၏ လုပ်ငန်းတာဝန်များ

၃၄။ ဦးဆောင်ညွှန်ကြားရေးမှူးသည် မြန်မာ့ဆားလုပ်ငန်းမှ ဝန်ထမ်းများကိုဖြစ်စေ၊ သက်ဆိုင်ရာဌာနနှင့် ညှိနှိုင်း၍ အခြားဌာနမှ ဝန်ထမ်းများကို ဖြစ်စေ၊ တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့လိုက်သော်လည်းကောင်း စစ်ဆေးသူအဖြစ် တာဝန်ပေးအပ်နိုင်သည်။

၃၅။ စစ်ဆေးသူသည် ဆား၊ အိုင်အိုဒင်းဆား သို့မဟုတ် အပိုဓာတ်ဆား ထုတ်လုပ်ခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ အောက်ပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(က) လိုင်စင်လျှောက်လွှာတွင် ဖော်ပြထားသည့် အချက်အလက်များနှင့် ကိုက်ညီမှုရှိ၊ မရှိ စစ်ဆေးခြင်း၊

(ခ) လုပ်ကိုင်ခွင့်ပြုသည့် ဆားထုတ်မြေဧရိယာအတိုင်း လုပ်ကိုင်ခြင်း ရှိမရှိ စစ်ဆေးခြင်း၊

(ဂ) ထုတ်လုပ်ရမည့် ဆား၊ အိုင်အိုဒင်းဆား သို့မဟုတ် အပိုဓာတ်ဆား ပမာဏအတိုင်း ထုတ်လုပ်နိုင် ခြင်း ရှိမရှိ စစ်ဆေးခြင်း၊

(ဃ) ထုတ်လုပ်သည့်ဆား ၊ အိုင်အိုဒင်းဆား သို့မဟုတ် အပိုဓာတ်ဆားများကို စနစ်တကျသိုလှောင်ထား ခြင်း ရှိမရှိ စစ်ဆေးခြင်း၊

(င) မြန်မာ့ဆားလုပ်ငန်းက ညွှန်ကြားသည့်အတိုင်း ထုတ်လုပ်မှုဆိုင်ရာ စာရင်းဇယားများ ထားရှိခြင်း ရှိမရှိ စစ်ဆေးခြင်း၊

(စ) လိုင်စင်ရရှိသူကိုယ်တိုင် လုပ်ငန်းလုပ်ကိုင်ခြင်း မပြုဘဲ အခြားသူက လုပ်ကိုင်နေလျှင် ဦးဆောင် ညွှန်ကြားရေးမှူး၏ ခွင့်ပြုမိန့် ရှိမရှိ စစ်ဆေးခြင်း၊

(ဆ) ဆားထုတ်မြေအတွင်း ဆားထုတ်လုပ်ခြင်း လုပ်ငန်းအပြင် အခြားလုပ်ငန်းများ လုပ်ကိုင်နေခြင်း ရှိ မရှိ စစ်ဆေးခြင်း၊

(ဇ) ဆားထုတ်မြေအတွင်း ဆားထုတ်လုပ်ခြင်း လုပ်ငန်းအပြင် အခြားလုပ်ငန်း လုပ်ကိုင်နေပါက ဆား ထုတ်လုပ်မှု လျာထားချက်ကို ထိခိုက်နိုင်ခြင်း ရှိမရှိ စီစစ်တင်ပြခြင်း၊

(ဈ) ထုတ်လုပ်သည့်ဆား၊ အိုင်အိုဒင်းဆား သို့မဟုတ် အပိုဓာတ်ဆားသည် သတ်မှတ်ထားသည့် အရည်အသွေးအဆင့် မီမမီ ဓာတ်ခွဲစစ်ဆေးနိုင်ရန် နမူနာရယူတင်ပြခြင်းနှင့် လိုအပ်ပါက ဓာတ်ခွဲစစ်ဆေးခြင်း၊

(ည) တိုးချဲ့လုပ်ကိုင်နိုင်မည့် ဆားထုတ်မြေ ရှိမရှိကို စစ်ဆေးခြင်းနှင့် တိုးချဲ့လုပ်ကိုင်နိုင်မည့် ဧရိယာကို စီစစ်တင်ပြခြင်း။

၃၆။ စစ်ဆေးသူသည် ဆား ၊ အိုင်အိုဒင်းဆား သို့မဟုတ် အပိုဓာတ်ဆားနှင့် စပ်လျဉ်း၍ သတ်မှတ်သည့် အရည်အသွေး ပြည့်မီခြင်း ရှိမရှိ သိရှိနိုင်ရေးအတွက် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည်-

(က) သိုလှောင်သည့် အဆောက်အဦအတွင်းသို့ ဝင်ရောက်စစ်ဆေးခြင်း၊

(ခ) သယ်ဆောင်သည့်ယာဉ်ကို ရပ်တန့်စစ်ဆေးခြင်း။

၃၇။ စစ်ဆေးသူသည် မိမိတာဝန်ဝတ္တရားများကို ဆောင်ရွက်ရာတွင် လိုအပ်ပါက ရဲတပ်ဖွဲ့၏ အကူအညီကို တောင်းခံရယူနိုင်သည်။

## <u>အခန်း(၈)</u>
## <u>အရေးယူခြင်းနှင့် သက်သေခံပစ္စည်း သိမ်းယူခြင်း</u>

၃၈။ စစ်ဆေးသူသည် အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို စစ်ဆေးတွေ့ရှိလျှင် ဥပဒေနှင့်အညီ အရေးယူနိုင်ရေးအတွက် သက်ဆိုင်ရာ မြန်မာ့ဆားလုပ်ငန်း၏ ပြည်နယ် သို့မဟုတ် တိုင်းအရာရှိထံ တင်ပြရမည်-

(က) လိုင်စင်မရှိဘဲ ဆား၊ အိုင်အိုဒင်းဆား သို့မဟုတ် အပိုဓာတ်ဆားကို စီးပွားဖြစ် ထုတ်လုပ်ခြင်း၊

(ခ) လိုင်စင်ရရှိသူက ထင်း သို့မဟုတ် မီးသွေးဖြင့် ဆားထုတ်လုပ်ခြင်း၊

(ဂ) လိုင်စင်ရရှိသူက လိုင်စင်ပါစည်းကမ်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း၊

(ဃ) လိုင်စင်ရရှိသူက မြန်မာ့ဆားလုပ်ငန်းက ထုတ်ပြန်ထားသည့် ဆားထုတ်လုပ်မှုဆိုင်ရာ အမိန့်၊ ညွှန်ကြားချက်ကို လိုက်နာရန်ပျက်ကွက်ခြင်း။

၃၉။ စစ်ဆေးသူသည် နည်းဥပဒေ ၃၈ အရ တင်ပြရာတွင် စစ်ဆေးတွေ့ရှိချက်၊ သုံးသပ်ချက်၊ သဘောထားမှတ်ချက်များနှင့်အတူ အောက်ပါစာရွက်စာတမ်း အထောက်အထားများကိုပါ ပူးတွဲ တင်ပြရမည်-

(က) စွပ်စွဲခံရသူနှင့် သက်သေများ၏ ထွက်ဆိုချက်၊

(ခ) လိုအပ်ပါက ပြစ်မှုကျူးလွန်ခြင်းနှင့် သက်ဆိုင်သမျှ ထင်ရှားစေမည့် မှတ်တမ်းဓာတ်ပုံ၊ အခြားစာရွက်စာတမ်း အထောက်အထားများ၊

(ဂ) ဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ပထမအကြိမ် ကျူးလွန်ခဲ့ဘူးသော ပြစ်မှုကို ထပ်မံကျူးလွန်ခြင်း ဖြစ်ပါက ယခင်ပြစ်မှု ကျူးလွန်ခဲ့ကြောင်း အထောက်အထား။

၄၀။ လိုင်စင်မရှိဘဲ ဆား ၊ အိုင်အိုဒင်းဆား သို့မဟုတ် အပိုဓာတ်ဆားကို စီးပွားဖြစ် ထုတ်လုပ်ကြောင်း စစ်ဆေးတွေ့ရှိပါက စစ်ဆေးသူသည် ယင်းသို့ ထုတ်လုပ်သူကို အရေးယူရမည့်အပြင် ဆား၊ အိုင်အိုဒင်းဆား သို့မဟုတ် အပိုဓာတ်ဆား ထုတ်လုပ်ရာတွင် အသုံးပြုသည့် သက်သေခံပစ္စည်းများကိုလည်း ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ သိမ်းဆည်းရမည်။ ထိုသို့ သက်သေခံပစ္စည်း သိမ်းဆည်းသည့် ရှာဖွေပုံစံကို မြန်မာ့ဆားလုပ်ငန်း၏ ပြည်နယ် သို့မဟုတ် တိုင်းအရာရှိထံ တင်ပြသည့် အစီရင်ခံစာတွင် ပူးတွဲရမည်။

၄၁။ မြန်မာ့ဆားလုပ်ငန်း၏ ပြည်နယ် သို့မဟုတ် တိုင်းအရာရှိသည် စစ်ဆေးသူက တင်ပြလာသော အစီရင်ခံစာကို မိမိ၏ သဘောထားမှတ်ချက်ဖြင့် ဦးဆောင်ညွှန်ကြားရေးမှူးထံ ဆက်လက်တင်ပြရမည်။

၄၂။ ဦးဆောင်ညွှန်ကြားရေးမှူးသည် မြန်မာ့ဆားလုပ်ငန်း၏ ပြည်နယ် သို့မဟုတ် တိုင်းအရာရှိက နည်းဥပဒေ ၄၁ အရ ဆက်လက်တင်ပြလာသော အစီရင်ခံစာကို စိစစ်၍ ဥပဒေနှင့်အညီ စီမံခန့်ခွဲရေးဆိုင်ရာ ဒဏ်ကြေးတပ်ရိုက်သည့်အမိန့်ကို ချမှတ်ပြီး မိမိချမှတ်သည့်အမိန့်ကို သက်ဆိုင်ရာ မြန်မာ့ဆားလုပ်ငန်း၏ ပြည်နယ် သို့မဟုတ် တိုင်းအရာရှိထံသို့ ပေးပို့ရမည်။

၄၃။ ဦးဆောင်ညွှန်ကြားရေးမှူး ချမှတ်သော အမိန့်ကို မြန်မာ့ဆားလုပ်ငန်း၏ ပြည်နယ် သို့မဟုတ် တိုင်းအရာရှိက လက်ခံရရှိလျှင် သက်ဆိုင်ရာ ပြစ်မှုကျူးလွန်သူကို ဆင့်ခေါ်၍ ဦးဆောင်ညွှန်ကြားရေးမှူး တပ်ရိုက်ထားသော ဒဏ်ကြေးငွေကို ပေးဆောင်စေရန် ညွှန်ကြားရမည်။

၄၄။ မြန်မာ့ဆားလုပ်ငန်း၏ ပြည်နယ် သို့မဟုတ် တိုင်းအရာရှိသည် ဒဏ်ကြေးငွေကို လက်ခံရရှိလျှင် ဌာနဆိုင်ရာ ငွေစာရင်းသို့ သတ်မှတ်ချက်များနှင့်အညီ ပေးသွင်းရမည်။

၄၅။ ဦးဆောင်ညွှန်ကြားရေးမှူးသည် မြန်မာ့ဆားလုပ်ငန်း၏ ပြည်နယ် သို့မဟုတ် တိုင်းအရာရှိက နည်းဥပဒေ ၄၁ အရ ဆက်လက်တင်ပြလာသော အစီရင်ခံစာတွင် ပါရှိသည့် သိမ်းဆည်းထားသော သက်သေခံပစ္စည်းနှင့် စပ်လျဉ်း၍ စိစစ်ပြီး အောက်ပါအမိန့်တို့ကို ချမှတ်နိုင်သည်-

(က) ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း၊

(ခ) ပြစ်မှုနှင့် မသက်ဆိုင်သော ပစ္စည်းကို သက်ဆိုင်သူသို့ ပြန်လည်ပေးအပ်ခြင်း၊

(ဂ) ဆက်လက်ထားရှိရန် မသင့်သော ပစ္စည်းကို ဖျက်ဆီးခြင်း။

၄၆။ ဦးဆောင်ညွှန်ကြားရေးမှူးသည် သက်သေခံပစ္စည်းနှင့်စပ်လျဉ်း၍ ချမှတ်သည့်အမိန့်နှင့် စီမံခန့်ခွဲရေးဆိုင်ရာ ဒဏ်ကြေးတပ်ရိုက်သည့် အမိန့်တို့ကို မြန်မာ့ဆားလုပ်ငန်း၏ ပြည်နယ် သို့မဟုတ် တိုင်းအရာရှိထံသို့ ပေးပို့ရမည်။

၄၇။ မြန်မာ့ဆားလုပ်ငန်း၏ ပြည်နယ် သို့မဟုတ် တိုင်းအရာရှိသည် သိမ်းဆည်းထားသော သက်သေခံပစ္စည်းများကို ဦးဆောင်ညွှန်ကြားရေးမှူးက ချမှတ်သည့် အမိန့်နှင့်အညီ စီမံခန့်ခွဲခြင်း ပြုရမည်။

## အခန်း(၉)
## အယူခံခြင်း

၄၈။ ဦးဆောင်ညွှန်ကြားရေးမှူးက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်း အမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးထံ အယူခံနိုင်သည်။

၄၉။ ဦးဆောင်ညွှန်ကြားရေးမှူးက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အယူခံရာတွင် မှန်ကန်ကြောင်း လက်မှတ်ရေးထိုးထားသည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက် မိတ္တူမှန် ထုတ်ပေးသည့်နေ့အထိ ကြန့်ကြာသည့် ကာလကို အယူခံခွင့်ပြုထားသော ကာလတွင် ထည့်သွင်းရေတွက်ခြင်း မပြုရ။

၅၀။ အယူခံသူသည် အယူခံလွှာကို မှန်ကန်ကြောင်း လက်မှတ်ရေးထိုးထားသည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက် မိတ္တူမှန်နှင့်အတူ ဝန်ကြီးထံသို့ ပေးပို့ရမည်။ စာတိုက်မှတဆင့် မှတ်ပုံတင်၍ ပေးပို့ခြင်း ဖြစ်လျှင် ယင်းသို့ မှတ်ပုံတင်ပေးပို့သည့် နေ့ကို အယူခံလွှာတင်သွင်းသည့် နေ့အဖြစ် သတ်မှတ်ရမည်။

## အခန်း(၁၀)
## အထွေထွေ

၅၁။ ဝန်ကြီးဌာနသည် အစိုးရဌာနတစ်ခုခု သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်အား ဤဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ခြင်းမှ ကင်းလွတ်ခွင့်ပြုခြင်း သို့မဟုတ် လိုင်စင်ခ သက်သာခွင့်ပြုခြင်းကို ကိစ္စရပ်တစ်ခုချင်းအလိုက် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဆောင်ရွက်နိုင်သည်။

၅၂။ မြန်မာ့ဆားလုပ်ငန်းသည် ဆား၊ အိုင်အိုဒင်းဆား သို့မဟုတ် အပိုဓာတ်ဆားကို အရည်အသွေးမီစွာ ထုတ်လုပ်နိုင်ရေးနှင့် အထွက်နှုန်းတိုးတက်ကောင်းမွန်စေမည့် နည်းလမ်းများ ရရှိရေးအတွက် နည်းပညာကို လိုင်စင်ရရှိသူများအား ဖြန့်ဖြူးပေးနိုင်ရန် သုတေသနလုပ်ငန်းများကို ဆောင်ရွက်ရမည်။

၅၃။ မြန်မာ့ဆားလုပ်ငန်းသည် ဆား၊ အိုင်အိုဒင်းဆား သို့မဟုတ် အပိုဓာတ်ဆားထုတ်လုပ်ရေးအတွက် တည်ဆဲဥပဒေနှင့်အညီ အောက်ပါတို့ကို ဆောင်ရွက်နိုင်သည်-

(က) ပြည်တွင်း ပုဂ္ဂိုလ် သို့မဟုတ် ပြည်တွင်း အဖွဲ့အစည်းတစ်ရပ်ရပ်နှင့် ဖက်စပ်လုပ်ကိုင်ခြင်း၊

(ခ) ပြည်ပပုဂ္ဂိုလ် သို့မဟုတ် ပြည်ပအဖွဲ့အစည်း တစ်ရပ်ရပ်နှင့် ဖက်စပ်လုပ်ကိုင်ခြင်း။

၅၄။ ပြည်ပ ပုဂ္ဂိုလ် သို့မဟုတ် ပြည်ပအဖွဲ့အစည်းသည် ဆား၊ အိုင်အိုဒင်းဆား သို့မဟုတ် အပိုဓာတ်ဆား ထုတ်လုပ်သည့် လုပ်ငန်း လုပ်ကိုင်လိုပါက ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။

၅၅။ မြန်မာ့ဆားလုပ်ငန်းက ရရန်ရှိသော လိုင်စင်ခ၊ ရက်လွန်ကြေးနှင့် ဒဏ်ကြေးငွေတို့ကို မြေခွန်မပြေ ကျန်ငွေ ဖြစ်ဘိသကဲ့သို့ မှတ်ယူ၍ အရကောက်ခံရာတွင် ဦးဆောင်ညွှန်ကြားရေးမှူးက ဤကိစ္စအလို့ငှာ တာဝန် ပေးအပ်သော မြန်မာ့ဆားလုပ်ငန်း၏ ပြည်နယ် သို့မဟုတ် တိုင်းအရာရှိသည် တည်ဆဲဥပဒေအရ ကော်လိပ်တော်အရာရှိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး ဆောင်ရွက်ရမည်။

ဗိုလ်မှူးချုပ်အုန်းမြင့်
ဝန်ကြီး
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန